
ယုံချင်ယုံ မယုံချင်ယုံ ငါ မင်းကိုဖမ်းမိပြီ
ဘာသာပြန် စာရေးဆရာ - Marshmallow
(အစ၃-၆)
(Chapter 51 - 60)

# အပိုင်း(၅၁)

# လူအရိုး

ဒီနေ့က သောကြာနေ့ဖြစ်လေတယ် ဒီတော့ ချန်းယု ကျောင်းကနေ အိမ်ပြန်လာလိုက်လေတယ်၊ ချန်းယန်လည်း ညစာစားဖို့ ရဲစခန်းကနေ အိမ်ကိုပြန်လာလေတယ်၊ မြို့တော်ဝန်ချန်းလည်း ဒီနေ့ အစည်းအဝေးတက်ရန်မရှိနေလေဘူး၊ ဒီတော့ ချန်းမိသားစု ရှားရှားပါးပါး မိသားစုစုံစုံလင်လင် ညစာစားကြလေသည်။

"ရှီရှီ၊ အာ၊ ထပ်စားဦးလေ။" သူမတူနဲ့ ဟင်းယူလိုက်ပြီး ချန်းယုပန်းကန်ထဲထည့်ပေးလိုက်ကာ၊ "စာမေးပွဲနဲ့ဖိအားများမနေနဲ့ဦး၊ သမီးအောင်တယ်ဆိုရုံတင် အဆင်ပြေပါတယ်။"

"ကလေးကို ဒီနည်းနဲ့ မင်းဘယ်လိုလုပ်သင်ပေးနေရတာလဲ? ဒါပေ့ါ သူမသေချာပေါက် ကောင်းကောင်းဖြေဆိုနိုင်ရမှာပေ့ါ၊ အောင်ရုံတင် ဘယ်လိုလုပ်အဆင်ပြေမှာလဲ?" မြို့တော်ဝန်ချန်းသဘောမတူနေလေဘူး၊ "ဒီလိုမျိုး 'ဝတ်ကျေတမ်းကျေ မကြိုးပမ်းတဲ့နည်းစနည်းမျိုး' သဘောထားခိုင်းလို့မရဘူး။"

"ဘာဝတ်ကျေတမ်းကျေလဲ? ကျောင်းက အောင်ရုံပဲ လိုအပ်တာမဟုတ်ဘူးလား?" အမေချန်းပြန်လည်ချေပလိုက်လေသည်။

"အောင်တယ်ဆိုတာက အနိမ့်ဆုံးသတ်မှတ်ချက်ပဲ၊ လူ့အသိုင်းအဝိုင်းကလူတိုင်းက အောင်ချင်ရုံမျှပဲဆိုရင်၊ ဒါဆို သူတို့အလုပ်တွေအိုးနင်းခွက်နင်းပြီးမြောက်သွားခဲ့မယ်ဆိုရင်၊ လူ့အသိုင်းအဝိုင်း ဘယ်လို

လုပ်တိုးတက်လာနိုင်တော့မှာလဲ?" မြို့တော်ဝန်ချန်း ပြန်လည်တုံ့ပြန်လိုက်လေသည်။

"စာမေးပွဲလေးပဲမဟုတ်ဘူးလား? လူ့အသိုင်းအဝိုင်းတိုးတက်မှုအကြောင်း ရှင်ဘယ်လိုလုပ်ထည့်ပြောလာရတာလဲ?" အမေချန်း မကျေမနပ်ဖြစ်သွားလေတယ်။

"ငါပြောချင်တာက၊ ဒီလိုမျိုးသဘောထားက..."

သူမစာမေးပွဲအကြောင်း သူမမိဘတွေ စကားများနေတာကို ချန်းယုမြင်လိုက်လေတယ်၊ ဒီတော့ သူတို့ကိုမြန်မြန်တားလိုက်ကာ၊ "အဖေ၊ စိတ်မပူပါနဲ့၊ သမီးစာမေးပွဲမှာအကောင်းဆုံးကြိုးစားပါ့မယ်။ အမေ၊ အမေလည်းစိတ်အေးအေးထားလို့ရတယ်၊ သမီးအထက်တန်းကျောင်းတုန်းက သမီးက အဆင့်တစ်ပဲ။ ဟုတ်ပြီ၊ ဒီအတိုင်း စာမေးပွဲလေးပါ၊ အဲဒီလောက်အထိ မပင်ပန်းပါဘူး။"

"အမေ့သမီးအရမ်းတော်တယ်ဆိုတာ အမေသိပါတယ်။" အမေချန်း သူမသမီးအတွက် နောက်ထပ်ဟင်းတစ်မျိုး ပျော်ပျော်ရွှင်ရွှင်ထည့်ပေးလိုက်လေသည်။

"စာမေးပွဲကောင်းကောင်းဖြေဆိုခဲ့။" မြို့တော်ဝန်ချန်းလည်း အားပေးလိုက်လေသည်။

ချန်းယု အပေါ်ယံကတော့ ပြုံးပြီးခေါင်းညိတ်ပြလိုက်လေတယ်၊ ဒါပေမဲ့ တကယ်တမ်း အတွင်းထဲမှာတော့ စိတ်ဓာတ်ကျနေလေတော့တယ်၊ သင်္ချာကိုးလိုးကန့်လန့်မဖြစ်ပါစေနဲ့!

သူ့သမီးအပေါ်အာရုံစိုက်ပြီးနောက်၊ မြို့တော်ဝန်ချန်း သူ့အသားအပေါ်ထပ်မံအာရုံစိုက်လိုက်ပြန်ပြီး၊ သူခေါ်လိုက်လေတယ်၊ "ချန်းယန်။"

"အဖေ။" ချန်းယန် သူ့ခေါင်းလှည့်လာလိုက်သည်။

"ချီချောင်မင်လို့ခေါ်တဲ့သူကို အရင်ရက်တုန်းက သားဖမ်းခဲ့သေးလား?" မြို့တော်ဝန်ချန်း ဒီအကြောင်းအရာကို ရုတ်တရက်ပြောလာလေသည်။

ချီချောင်မင်? ချန်းယုလက်တွေရပ်သွားပြီး သူမခေါင်းကိုမော့လိုက်ပြီး သူမအစ်ကိုဘက်ကို လှည့်ကြည့်လိုက်လေသည်။

ချန်းယန်လည်း သူမကိုကြည့်နေလေတယ်၊ ဒါပေမဲ့ သူ့အဖေဘက်ကို သူ့ခေါင်းချက်ချင်းပြန်လှည့်လိုက်ပြီး ပြန်ဖြေလိုက်လေတယ်၊ "အဖေ၊ အဖေသူ့ကိုသိတာလား?"

"ငါသူ့ကိုမသိဘူး" မြို့တော်ဝန်ချန်း သူ့ခေါင်းကို ခါယမ်းပြလိုက်လေတယ်၊ "အရင်နေ့တုန်းက တစ်စုံတစ်ယောက်က ငါ့ကိုဖုန်းခေါ်လာပြီး သူ့ကိုယ်စားတောင်ပန်းလာတာ၊ တစ်ဖက်သူပြောတာတော့ သူမင်းကို စိတ်အနှောက်အယှက်ဖြစ်စေခဲ့လို့တဲ့။"

"သူကျွန်တော့ကို စိတ်အနှောက်အယှက်မဖြစ်စေခဲ့ပါဘူး၊ ပြီးတော့ ကျွန်တော့ကို စိတ်အနှောက်အယှက်ပေးတာကြောင့် ကျွန်တော်သူတို့ကိုမဖမ်းပါဘူး၊ ကျွန်တော်က ဥပဒေကိုလိုက်နာရုံတင်ပါ။" ချန်းယန်ဖြေလိုက်လေသည်။

"ကောင်းတယ်၊ ရဲတွေက စည်းကမ်းလိုက်နာတဲ့တပ်ဖွဲ့ပဲ၊ မင်းသတိရှိမှဖြစ်မယ် အမှုတွေကိုင်တွယ်ချိန် အတင်းစကားတွေကို နားမယောင်မိစေနဲ့။" တစ်ဖက်သူရဲ့အသနားခံလာတာကို မြို့တော်ဝန်ချန်းသဘောမတူခဲ့လေဘူး၊ မဟုတ်ရင် ချန်းယန်ကိုမေးရန် သူဒီလောက်အချိန်ကြာကြာ စောင့်နေခဲ့မှာမဟုတ်လေဘူး။ သူဒီကိစ္စကို ရုတ်တရက်သတိရလိုက်လို့ အချိန်ရတုန်း သူ့သားကို ဒီကိစ္စအကြောင်း မေးမြန်းကြည့်လိုက်တာဖြစ်လေသည်။

"ကျွန်တော်သိပါတယ်။" ချန်းယန်ခေါင်းညိတ်ပြလိုက်လေသည်။

သူမ'ကိုယ်ထိလက်ရောက်စော်ကားခံရတယ်'လို့ သူမအစ်ကိုကြီးမပြော လိုက်တာကြောင့် ချန်းယုတော်တော်စိတ်အေးသွားလေသည်။ သူမနှလုံးက သူမလည်ပင်းထဲရောက်လာသလို သူမခံစားနေခဲ့ရတာဖြစ်လေသည်။ သူမ ငယ်ဘဝအတွက် အကြွေးတင်နေတယ်လို့ ခံစားနေရတဲ့ သူမမိဘတွေသာ သူတို့သမီး ကိုယ်ထိလက်ရောက်စော်ကားခံလိုက်ရတယ်လို့ သိသွားခဲ့မယ် ဆိုရင်၊ ဒါဆို သူတို့သေချာပေါက် ရေးကြီးခွင်ကျယ်လုပ်ကြမှာ။

ဒီဖြစ်ရပ်ကလွဲပြီး၊ ညစာက တော်တော်စိတ်အေးသက်သာရှိခဲ့လေ သည်။ အမေချန်း TVကြည့်တာ အဖော်လုပ်ပေးဖို့ အောက်ထပ်မှာခဏ လောက်နေလိုက်ပြီးနောက် သူမအခန်းဆီ ပြန်လာခဲ့လိုက်လေသည်။

ချန်းယုရေချိုးပြီး ဆံပင်အခြောက်ခံနေချိန် တံခါးခေါက်သံကြားလိုက်ရ လေသည်။ ချန်းယုတုံ့ဆိုင်းသွားလေတယ်၊ သူမဆံပင်ကိုပတ်ဖို့ တဘတ် တစ်ထည်ရှာလိုက်ပြီး၊ တံခါးဖွင့်ပေးလိုက်လေသည်။

"အစ်ကို" တံခါးမှာရပ်နေတဲ့ချန်းယန်ကို ချန်းယုတအံ့တဩကြည့်လိုက် လေသည်။

"အစ်ကိုဝင်လာလို့ရမလား?" ချန်းယန်မေးလိုက်လေသည်။

"အာ? ဒါ-ဒါပေါ့။" ချန်းယု မြန်မြန်ဘေးကို ဖယ်ပေးလိုက်လေသည်။

ချန်းယန် အခန်းထဲဝင်လာလိုက်ပြီး သူ့နောက်ကတံခါးကိုပိတ်လိုက်လေ သည်။

"အစ်ကို၊ ထိုင်ပါဦး။" ဒါက ချန်းယန် သူမအခန်းထဲဝင်လာတာ ပထမဆုံး အကြိမ်ဖြစ်လေတယ်၊ ချန်းယု အနည်းငယ်ပျာယာခက်နေလေပြီ ဘာလုပ်ရ မလဲမသိလေတော့ဘူး၊ စားပွဲနားက သစ်သားခုံယူပေးလိုက်ဖို့ သူမအမှတ်ရ

လိုက်ပြီး ချန်းယန်ကိုထိုင်ခိုင်းလိုက်လေသည်။

ချန်းယု အထိတ်တလန့်ဖြစ်နေပြီး ကသိကအောက်ဖြစ်နေတာကို ချန်းယန်သတိထားမိလိုက်လေသည်။ သူ့ပင်ကိုယ်စရိုက်ကိုက အတော်အသင့်ငြိမ်းချမ်းငွေ့ဖွယ်ကောင်းလေတယ်၊ ဒီတော့ အချိန်အကြာကြီးပျောက်သွားပြီး အခက်အခဲများစွာနဲ့ပြန်တွေ့လာခဲ့တာ သူ့ညီမလေးကို သူဂရုစိုက်တယ်ဆိုတာ ဘယ်လိုဖော်ထုတ်ပြရမလဲဆိုတာ သူလည်းမသိလေဘူး။

ချန်းယု အိမ်ကို ပထမဆုံးရောက်လာချိန်၊ သူမက အရမ်းအကောင်းမြင်ပြီး လိမ္မာလေတယ်၊ ဒါပေမဲ့ သူမမျက်လုံးတွေက တစ်ခါတစ်ရံပေါ်လာတဲ့ ခပ်ခွာခွာခံစားချက်ကို သူတို့သတိထားမိလေသည်။ ဒီဟာကို ချန်းမိသားစုတွေ တိတ်တိတ်လေးဆွေးနွေးပြီး ချန်းယုနဲ့ ပြောဆိုဆက်ဆံချိန် အရမ်းသိသာပြီး စိတ်အားမထက်သန်သွားဖို့ သူတို့ဆုံးဖြတ်လိုက်လေတယ်၊ မိသားစုထဲ ဖြည်းဖြည်းချင်းနဲ့သဘာဝကျကျ ပေါင်းစပ်ခိုင်းလိုက်လေသည်။

ဒီနည်းလမ်းက အရမ်းအောင်မြင်လေတယ်၊ သူ့အမေကလွဲပြီး၊ သူ့အဖေကော သူကော ချန်းယုနဲ့ သိပ်ပြီးဆက်သွယ်မပြောဆိုကြလေဘူး၊ ဒါပေမဲ့ ချန်းယု မြန်မြန်ဆန်ဆန်အသားကျသွားလေသည်။

ဒီလိုနဲ့ ချန်းယုနဲ့သူမကြာခဏဆက်သွယ်မပြောဆိုတာကြောင့် သူရုတ်ခြည်းပေါ်လာတာကို ချန်းယုအံ့ဩသွားပြီး စိတ်တထင့်ထင့်ဖြစ်သွားလေသည်။ သို့သော်၊ ချန်းယန်မှာ သူမကိုပြောချင်တဲ့ တစ်ချို့အရာတွေ ရှိနေသေးလေသည်။

"ချီချောင်မင်၊ သူ့ကို မနက်ဖြန်မနက် လွှတ်ပေးလိမ့်မယ်။" ချန်းယန်ပြောချလာလိုက်လေသည်။

"အာ၊ အို။" ချန်းယု ခုတင်အစွန်းနားထိုင်လိုက်လေတယ်၊ သူမသိပြီးဆိုတာပြဖို့ ခေါင်းညိတ်ပြလိုက်လေသည်။

"သူ့identityကို အစ်ကိုစစ်ဆေးပြီးသွားပြီ။" သူ့ညီမလေးကို'ကိုယ်ထိလက်ရောက်စော်ကားဖို့'လုပ်တဲ့သူတွေကို ချန်းယန်သေချာပေါက် စုံးစမ်းစစ်ဆေးကြည့်မှာဖြစ်လေတယ်ဖ သို့သော် စစ်ဆေးကြည့်လိုက်ပြီးနောက်၊ တစ်ဖက်လူက သူ့အဆင့်အတန်းအရ ချန်းယုကို 'နှောက်ယှက်' ဖို့ဆိုတာမဖြစ်နိုင်လေဘူး၊ "သူက ဖန်ဆွေဆရာပဲ။"

"သူ... သူကလား?" ချန်းယု မလုံမလဲဖြစ်နေတဲ့စိတ်နဲ့ ပြောလာလေသည်။

"သူအဖမ်းခံရပြီးတစ်ရက်ကြာတော့၊ နောက်ခံအမျိုးမျိုးက ထင်ရှားတဲ့မိသားစုငါးစုလောက်က သူ့ကိုလွှတ်ပေးဖို့ ရဲစခန်းကိုဖုန်းခေါ်ပြီး အစ်ကိုတို့ကို ဖိအားပေးလာခဲ့တယ်။" ချန်းယန်ရဲ့နောက်ခံကြောင့်သာ မဟုတ်ဘူးဆိုရင်၊ အခုချိန်ထိ ချီချောင်မင်ကို ဖမ်းချုပ်ထားဖို့က မဖြစ်နိုင်လေဘူး။

"ဖိအားပေးတယ်?" သူမစိတ်ပူပန်စွာမမေးလိုက်ခင် ချန်းယုခဏလောက်ရပ်သွားလေတယ်၊ သူမတစ်ခုခုကိုတွေးလိုက်မိသလိုမျိုးပေ့ါ၊ "အစ်ကို့ကိုအခက်အခဲဖြစ်အောင် သူတို့လုပ်ကြသေးလား?"

ချန်းယုရဲ့ပထမဆုံးတုံ့ပြန်လာတာက သူ့ကိုဂရုစိုက်တာဖြစ်နေလိမ့်မယ်လို့ချန်းယန်မမျှော်လင့်ထားမိလေဘူး၊ သူ့အမူအရာ အများကြီးနူးညံ့သွားကာသူမကို နှစ်သိမ့်လိုက်လေတယ်၊ "မလုပ်ဘူး၊ အစ်ကိုတို့ချန်းမိသားစုကလူတွေက အနိုင်ကျင့်လို့ လွယ်တဲ့သူတွေမဟုတ်ဘူးလေ။"

"ကောင်းတယ်။" ချန်းယု ချက်ချင်းစိတ်အေးသွားလေတော့သည်။

ချန်းယုရဲ့အသွင်အပြင်ကိုမြင်လိုက်ရတော့၊ သူခန့်မှန်းထားတာ ပိုတောင်သေချာသွားလေတယ်၊ သူတိုက်ရိုက်မေးကြည့်လိုက်လေတယ်၊ "ချီချောင်မင်က ညီမလေးကို လုံးလုံးမနှောက်ယှက်ခဲ့ဘူး၊ သူမလုပ်ခဲ့ဘူးမလား?"

"ညီမ..." ချန်းယုရဲ့အပြစ်မကင်းတဲ့အမူအရာက သူမကိုပေါ်လွင်စေလေတယ် ဒီတော့ သူမဖြေလာဖို့ ချန်းယန်အတွက် မလိုအပ်လေတော့ဘူး။

"ဘာဖြစ်ခဲ့လဲဆိုတာ အစ်ကို့ကိုပြောပြလို့ရမလား?" ချန်းယန် သူ့ညီမလေးကိုကြည့်လိုက်လေတယ်၊ သူအမှန်အတိုင်းသိချင်လေတယ်၊ ဒီညအိမ်ပြန်လာရတဲ့ရည်ရွယ်ချက်က ဒါကြောင့်ဖြစ်လေသည်။

"ညီမ... ညီမ..." သူမအစ်ကို သူမအတွက်စိတ်ပူတာကို ချန်းယုခံစားမိနေလေတယ်၊ ဒါပေမဲ့ ဒီလိုအရာမျိုးကို သူမဘယ်လိုလုပ်ပြောပြနိုင်မှာလဲ၊ အာ? သူမစာမေးပွဲဖြေနေတုန်းမှာ ချီချောင်မင် ရုတ်တရက်တိုက်ခိုက်လာတယ်လို့ သူမပြောလိုက်ရမှာလား? ပြီးတော့ သူမအရမ်းဒေါသထွက်လာလို့ စာရင်းရှင်းဖို့ ချီချောင်မင်ဆီပြေးသွားလိုက်ပြီး၊ တစ်ဖက်လူ သရဲနဲ့တိုက်နေတာကို သူမမြင်လိုက်ရတယ်? ပြီးတော့ အဲ့နောက်မှာတော့၊ သူမမကောင်းမှုဝိညာဉ်ကို ကူညီပြီး၊ တစ်ဖက်လူကို ကြိုးကိုင်ဖို့ အခွင့်အရေးယူခဲ့တာ?

ဒါက သူမလိမ်တာထက် ပိုတောင်လက်မခံနိုင်ပုံပေါ်မနေဘူးလား?

ဒ့ါအပြင်၊ ဘယ်လိုလူမျိုးက မကောင်းမှုဝိညာဉ်ကို ကူညီပေးမှာလဲ? သူမကြားခဲ့မယ်ဆိုရင်တောင်၊ သူမက မကောင်းတဲ့သူနဲ့တူနေလေတယ်၊ အဟင့်၊ အဟင့်...

သူ့ညီမလေးမျက်နှာတင်းတဲ့အမူအရာနှင့်အတူ မျက်လုံးတွေကပတ်ပတ်လည်မြန်မြန်ရွေ့နေတာကို ချန်းယန်မြင်လိုက်လေသည်။ အချိန်တော်တော်ကြာ တုံ့ဆိုင်းသွားပြီးနောက် သူမမျက်နှာနီရဲလာလေတယ်၊ သူမအသံတစ်သံတောင် မထွက်လာသေးလေဘူး၊ ဒီတော့ သူရုတ်တရက်အနည်းငယ်ပင်ပန်းလာတယ်လို့ ခံစားလိုက်ရလေသည်။

သူမမပြောသေးဘူးပဲ၊ ကြည့်ရတာ သူမင့ါကိုမယုံသေးပုံပဲ။

"ညီမလေးမပြောချင် မပြောလို့ရတယ်။" ချန်းယန် အမှန်ကိုသိချင်လေတယ်၊ ဒါပေမဲ့ ချန်းယုအခက်အခဲဖြစ်အောင်လည်း သူမလုပ်ချင်လေဘူး။

"အဆင်ပြေတယ်?" ချန်းယန်ပြောလာတာကို ချန်းယုမယုံနိုင်ဖြစ်နေလေသည်။

"ဒါဆို၊ ညီမလေး အမှန်အတိုင်းပြောမှာလား?" ချန်းယန်မေးလိုက်လေသည်။

ချန်းယုရဲ့မျက်နှာအမူအရာ ရှုပ်ထွေးလာပြီး သူမတိတ်သွားလေတယ်၊ သို့သော် သူမနှလုံးသားထဲ သူမအော်ဟစ်နေလေတယ်၊ ညီမ အစ်ကို့ကိုမပြောပြချင်တာမဟုတ်ဘူး၊ ဒါပေမဲ့ ညီမမဟုတ်တာတွေပြောနေတာလို့ အစ်ကိုထင်သွားမှာကို ညီမစိတ်ပူနေတာ။

ထင်ထားသလိုပါပဲ…

"ညီမလေး အဲဒီအကြောင်း ဘာမှမပြောလာလည်း အဆင်ပြေပါတယ်၊ ဒါပေမဲ့ အစ်ကိုမေးတာကိုတော့ ညီမလေးဖြေပေးရမယ်။" ချန်းယန်ပြောလိုက်လေသည်။

"ဘာမေးခွန်းတွေလဲ?" ချန်းယု သူ့ကိုကြည့်ရန် ခေါင်းမော့လာလိုက်လေသည်။

"ချီချောင်မင်…" ချန်းယုရဲ့မျက်လုံးတွေကို ချန်းယန်အသေအချာ စိုက်ကြည့်လိုက်လေတယ်၊ "ညီမလေးတို့နှစ်ယောက်ကြား ဘယ်သူအရင်စခဲ့တာလဲ?"

"ဒါပေါ့ အဲ့တာသူလေ! သူဘယ်သူလဲဆိုတာ ညီမသိတောင်မသိဘူး။ သူသာ ညီမလေးကို အရင်ရန်မစလာခဲ့ဘူးဆိုရင်၊ ညီမစာမေးပွဲဖြေတာနဲ့ အလုပ်ရှုပ်နေလို့ သူနဲ့ပတ်သတ်ပြီး အနှောက်အယှက်ဖြစ်ခံနေမှာမဟုတ်

ဘူး။" သူမသင်္ချိုင်းစာမေးပွဲအကြောင်းတွေးလိုက်မိတော့၊ ချန်းယုဒေါသထွက်နေသေးလေသည်။

"ဒါဆို ညီမလေး... ညီမလေး ထိခိုက်သွားသေးလား?" ချန်းယု အများကြီး ခံစားလိုက်ရမှာကို ချန်းယန်စိတ်ပူနေလေတယ် ဒါပေမဲ့ သူမမိသားစု မသိစေချင်လေဘူး။

"ဟင့်အင်း။" ချန်းယု ခေါင်းခါယမ်းပြလိုက်လေသည်။

"အိုကေ၊ သိပြီ။" သူလိုချင်နေတဲ့အဖြေကို ချန်းယန်ရသွားလေပြီ ဒီတော့ ထိုင်ခုံကနေ သူထရပ်လိုက်ပြီး၊ "အနားယူတော့။"

"အစ်ကို..." ချန်းယန်ကို သူမခေါ်လိုက်ရင်း သူမကြောင်နေသေးလေတယ်၊ သူ့ဇဝေဇဝါဖြစ်နေတဲ့အကြည့်အောက် သူမမေးကြည့်လိုက်လေတယ်၊ "ဒါက ညီမကိုမေးချင်တာ အကုန်ပဲလား?"

"ဒါနဲ့တင် လုံလောက်နေပါပြီ။" ချန်းယန်ပြောလိုက်လေတယ်၊ "ညီမလေး မထိခိုက်သွားဘူးဆိုတာနဲ့ ညီမလေးအရင်ရန်ပွဲစခဲ့တာမဟုတ်ဘူးဆိုတာ အစ်ကိုသေချာအောင်လုပ်ဖို့လိုနေတာ။ ညီမလေး စတာမဟုတ်သရွေ့ ဒါဆို အစ်ကိုလူမှားပြီးမဖမ်းခဲ့ဘူးပေါ့။"

အစ်ကိုကြီးတစ်ယောက်အနေနဲ့၊ ချန်းယုဘာပဲကြုံတွေ့ရပါစေ၊ သူမက မှားတဲ့သူဖြစ်နေမယ်ဆိုရင်တောင်မှ၊ သူမကို သူကာကွယ်ပေးမှာဖြစ်လေသည်။ သို့သော်၊ ရဲတစ်ယောက်အနေနဲ့၊ သူ့ပါဝါကို အလွဲသုံးစားသုံးလို့မဖြစ်လေဘူး၊ ဒီတော့ ဒီကိစ္စဘယ်သူအရင်အစပြုခဲ့လဲဆိုတာ သူသိဖို့လိုအပ်လေသည်။ ချန်းယုမဟုတ်သရွေ့ သူလူမှားဖမ်းမိတယ်လို့ သတ်မှတ်လို့မရလေဘူး။ အသေးစိတ်အကြောင်းရင်းကိုတော့၊ ချီချောင်မင်ကိုယ်တိုင်လည်း ဘာတစ်ခုမှမရှင်းပြလေဘူး၊ ဒီအမှုက 'ကိုယ်ထိလက်ရောက်' လုပ်တဲ့အမှုထက် ပိုလေးနက်တယ်ဆိုတာ ဒါကညွှန်ပြနေလေသည်။

"အနားယူတော့!" ချန်းယန်ပြုံးလိုက်လေတယ်၊ ထို့နောက် သူတံခါးကိုဖွင့်ပြီး ထွက်သွားလေသည်။

ချန်းယု ငေးငိုင်ကာ ရပ်နေသေးလေတယ်၊ သူမနဲ့ပတ်သတ်ပြီး တစ်ခုခုမှားနေတယ်လို့ သူမခံစားနေမိလေတယ်၊ သူမနှလုံးသားထဲ ဖောင်းပွလာပြီး အနည်းငယ်တရှုရှုဖြစ်လာလေတယ်၊ ငါဘာဖြစ်နေတာလဲ?

၁၂နာရီ၊ ညလယ်အချိန်၌။

ပုံမှန်လိုပဲ၊ သူမအစ်ကိုအခန်း မီးပိတ်သွားတဲ့အချိန်အထိ ချန်းယုစောင့်လိုက်ပြီး သူမပြတင်းပေါက်ကခုန်မထွက်လာခင် သူအိပ်ပျော်သွားကြောင်း အတည်ပြုလိုက်လေသည်။

လော့မိသားစုခြံဝန်းဆီ သူမရောက်လာတော့၊ လော့မင်က ဧည့်ခန်းထဲစောင့်နေလေသည်။ စားပွဲပေါ်မှာ ဒီနေ့ ထျန်းဖေပြန်သယ်လာခဲ့တဲ့ ရှေးဟောင်းပစ္စည်းအပုံလိုက်ကြီးရှိနေလေသည်။

"တတိယအစ်ကို၊ အစ်ကိုဘာလို့ ဒါတွေအကုန် ဒီမှာထားထားရတာလဲ?" နေ့လယ်တုန်းက၊ ချန်းယုက နောက်စာမေးပွဲမှီဖို့ ပြန်ရန်လောနေလေတယ်၊ ဒီတော့ သူမပစ္စည်းတွေကို ရှုစားကြည့်ရန် ချန်းယုမှာအချိန်မရလေဘူး။

"ဘာလို့ဆို မင်းသူတို့ကိုကြည့်ချင်သေးတယ်ဆိုတာ ငါသိနေလို့လေ။" သူမအခန်းထဲဝင်ဝင်လာချင်း ရှေးဟောင်းပစ္စည်းတွေတင်ထားတဲ့စားပွဲဆီပြေးလာလိုက်တာကို သူမြင်လိုက်တော့ လော့မင်မနေနိုင်ဘဲ ပြုံးလိုက်လေတယ်။

"ဟီ၊ ဟီ..." ချန်းယု ပေါကြောင်ကြောင်နှစ်ခါရယ်လိုက်လေပြီးထ ဒီအဖိုးတန်တဲ့ရှေးဟောင်းပစ္စည်းတွေကြည့်ရင်း သူမပြောလာလေတယ်၊ "ညီမအစောတုန်းက သေသေချာချာမကြည့်လိုက်ရဘူး။ ကြည့်ရတာ

အများစုက ကျောက်စိမ်းတွေပဲ၊ အာ၊ သူတို့ဘယ်လောက်တန်လဲဆိုတာ ညီမမသိဘူး။"

လော့မင်ရဲ့အနည်းငယ်ပြုံးနေတဲ့အပြုံးက ရုတ်တရက်ပြောင်းလဲသွားလေသည်။

"ဒါပေမဲ့ သူတို့တွေက နှစ်ခြောက်ရာကျော်သက်တမ်းရှိတယ်လေ၊ သူတို့အဲ့တုန်းက ဘယ်လောက်မှတန်ဖိုးမရှိနေဘူးဆိုရင်တောင်မှ၊ အခုဆို သူတို့တော်တော်တန်ဖိုးရှိနေလောက်ပြီ။" ချန်းယု ယုံကြည်ချက်ရှိရှိပြောလာလေသည်။

လော့မင်ရဲ့အမူအရာ ပိုတောင်ထူးဆန်းလာလေတော့သည်။

"တတိယအစ်ကို။" ချန်းယု နဂါးရစ်ခွေနေပြီး ကျားဝပ်နေပုံ ထွင်းထုထားတဲ့ ကျောက်စိမ်းဆွဲပြားကိုကောက်ကိုင်လိုက်ပြီး အဲ့တာကို အလင်းရောင်အောက် ကြည့်ကြည့်လိုက်လေတယ်၊ "ဒီကျောက်စိမ်းဆွဲပြားက အရမ်းလှတာပဲ။"

"ဟုတ်တယ်။" ကျောက်စိမ်းဆွဲပြားကို လက်ရာမြောက်စွာထွင်းထုထားပြီး အဲ့တာမှာ ဖောက်ထွင်းမြင်နိုင်တဲ့အရောင်ရှိနေလေတယ်၊ ဒါကတကယ်ကို လှပနေလေသည်။

"တတိယအစ်ကို၊ ရှေးဟောင်းပစ္စည်းတွေစုဆောင်းတဲ့သူကို အစ်ကိုသိလား? ဒါတွေအကုန်လုံး ရောင်းလိုက်ကြတာပေါ့ ပြီးတော့ တစ်ဝက်စီခွဲယူမယ်လေ။" ခဏလောက်တွေးကြည့်ပြီးနောက် ချန်းယုပြောလာလေတယ်၊ "လေလံတင်ရင် စျေးပိုမြင့်တယ်ဆိုတာ ညီမကြားဖူးတယ်၊ ညီမတို့တစ်နေရာတော့ သွားနိုင်မယ်ထင်တယ်?"

ချန်းယုရဲ့ပိုက်ဆံလောဘတက်နေတဲ့ တောက်ပနေတဲ့မျက်ဝန်းတွေနဲ့

လော့မင်အကြည့်ချင်းဆုံသွားလေတယ်၊ သူတွန့်ဆုတ်သွားပြီး ပြောလိုက်လေတယ်၊ "ငါတို့မလုပ်နိုင်မှာကို ငါစိုးရိမ်မိတယ်။"

"ညီမတို့မလုပ်နိုင်ဘူး?" လေလံတင်ရန် လော့မင်မှာနည်းလမ်းမရှိနေဘူးလို့ ချန်းယုထင်လိုက်လေတယ်၊ ဒီတော့ သူမပြန်စဉ်းစားကြည့်လိုက်လေတယ်၊ "သူတို့ကို လေလံမတင်နိုင်လည်း ကိစ္စမရှိပါဘူး၊ ဒီလောက်ရှေးဟောင်းပစ္စည်းအများကြီးကို၊ညီမတို့ ရှေးဟောင်းပစ္စည်းဈေးမှာ ရောင်းလို့ရပါတယ်၊ ညီမတို့ပိုက်ဆံနည်းသွားလည်းအဆင်ပြေပါတယ်။ ဟီ၊ ဟီ၊ ရှေးဟောင်းပစ္စည်းတွေက တန်ဖိုးရှိတယ်ဆိုတာ ညီမကြားဖူးတယ်။"

"ရှီရှီ၊ အာ။" ချန်းယုအရမ်းစိတ်မလှုပ်ရှားသွားခင် သူမကို အမှန်အတိုင်းပြောပြလိုက်တာက အကောင်းဆုံးလို့ လော့မင်ခံစားမိလိုက်လေသည်။

"အမ်?" ချန်းယု ကျောက်စိမ်းဆွဲပြားကို ပြန်ချလိုက်ပြီး ရောင်စုံကြွေပန်းအိုးကို ကောက်ကိုင်လိုက်လေသည်။

"ဒီရှေးဟောင်းပစ္စည်းတွေက သိပ်ပြီးအဖိုးမတန်နေဘူး။" လော့မင်နောက်ဆုံးတော့ ပြောလာလေပြီ။

***